တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၈) ရက်မြောက်နေ့အစီအစဉ်

(၁၃ - ၁၁ - ၂၀၂၆) (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ(၂၀၁၅)အရ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရရှိရေးတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းလောင်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်၏ **မိုင်းပျဉ်း- မိုင်းဆတ်လမ်းပေါ်မှ ထမ်ယမ်း- မိုင်းပုကြီးကျေးရွာအုပ်စုသို့သွားသော ကျေးလက်ကုန်ထုတ်လမ်းဟောင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်၏ **မြန်မာ့စီးပွားရေးဘဏ်၊ ကော့ကရိတ်ဘဏ်ခွဲအား မည်သည့်ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်၏ **ကလေးဝမြို့နယ်၌ Solar System မြစ်ရေတင်လုပ်ငန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသန်းဝင်းထွန်း၊ ရွှေဘိုမဲဆန္ဒနယ်၏ **ရွှေဘိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ မဟာနန္ဒာကန်တော်ရေကို ရပ်ကွက်ကြီး (၁၀)တွင် ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်အေးမြမြကြိုင်၊ သာကေတမဲဆန္ဒနယ်၊

(ခ) ဦးကျော်ဝင်း၊ ရွှေကူမဲဆန္ဒနယ်၊

(ဂ) ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်။

၈။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။